## qyÜ

သိမ်ႀကီးကျွန်း စရောက်သွားစဉ်က ကျွန်ုပ်သည် သာမဏေတစ်ပါးမျှသာ ရှိသေးပြီး ရဟန်းဘဝ မရောက်သေးပေ။ ဥပသမ္ပဒပဉ္စင်းခံရန်အတွက် အသက်ကမူ စေ့နေပြီ။ ဆရာဥတ္တရာဇီဝမထေရ် ကျွန်ုပ်ကို သိမ်ႀကီးကျွန်း ခေါ်ဆောင်သွားခြင်း၏ ရည်ရွယ်ချက်မှာ သိမ်ႀကီးကျွန်းရှိ ပရိယတ္တိစာပေ လေ့လာသင်ယူဖို့အတွက် ဖြစ်သည်။ ကျွန်ုပ်ကလည်း မိမိတိုင်းပြည်၊ မိမိ ရပ်ရွာ၌ ပညာသင်ကြားဆည်းပူးရသည်မှာ ပလိဗောဓ ကိစ္စရှုပ်ထွေးလှသည် ဖြစ်၍ စိတ်မှန်းသလောက် ခရီးပေါက်မည်မဟုတ်သောကြောင့် ဗုဒ္ဓသာသနာ ရောင်ဝါထွန်းကားပြီး ပရိယတ္တိစာပေ သင်ကြားဆည်းပူးရာ အချက်အချာ ဗဟိုဌာန သိမ်ႀကီးကျွန်းသို့ လိုက်ပါသွားခဲ့ခြင်းဖြစ်သည်။ ပုဂံပြည် ပြန်မကြွ ခင်ပင် ဆရာဥတ္တရဇီဝမထေရ်သည် သိမ်ႀကီးကျွန်းရှိ ရဟန်းသံဃာတော် များနှင့် ပူးပေါင်းလျက် ကျွန်ုပ်ကို ဥပသမ္ပဒ ရဟန်းဘဝရောက်အောင် ပို့ဆောင်ပေးသွားသည်။ ကျွန်ုပ် ရဟန်းဖြစ်ပြီး မကြာခင်ပင် ဥတ္တရာဇီဝ မထေရ်သည် ကျွန်ုပ်ကို သိမ်ႀကီးကျွန်း၌ ထားပစ်ခဲ့ပြီး ပုဂံပြည် ပြန်ကြွ သွားသည်။

ကျွန်ုပ် သိမ်ႀကီးကျွန်းရောက်သွားစဉ်က သိမ်ႀကီးကျွန်း၌ စိုးစံနေသော ဘုရင်မှာ ပရက္ကမဗာဟုဖြစ်သည်။ ပရက္ကမဗာဟု ဘုရင်အကြောင်း ပြော မည်ဆိုလျှင် ပရက္ကမဗာဟုဘုရင် မတိုင်ခင်ခေတ်က အကြောင်းကို ပြန်

ကောက်ဖို့ လိုလာလိမ့်မည်။ ပထမဝိဇယဗာဟု လက်ထက်၌ သိဃ်ိဳဳကျွန်း သည် ဝပြောသာယာခဲ့သော်လည်း ထိုဘုရင် လွန်သွားသောအခါ ဝါးအစည်း ပြေသကဲ့သို့ အခြေမခိုင် ယိမ်းယိုင်လာသည်။ ပထမဝိဇယဗာဟု မျက်နှာလွှဲ သွားသောအခါ သူ၏သားတော် ဝိကြမဗာဟု ထီးနန်းဆက်ခံသည်။ အကယ်၍ ဝိကြမဗာဟုကသာ သူ့ခမည်းတော်၏ ခြေရာကို နင်းနိုင်မည်ဆိုပါက နိုင်ငံအခြေအနေသည် ဖရိုဖရဲဖြစ်သွားစရာအကြောင်း မရှိပေ။ ယခုတော့ ထိုသို့ မဟုတ်ပေ။ ဝိကြမဗာဟုသည် တိုင်းနိုင်ငံကို နိုင်နိုင်နင်းနင်း မအုပ်ချုပ်နိုင်သည်သာမက မင်းဆိုးမင်းညစ် ဖြစ်နေသည်။ တိုင်းနိုင်ငံ၏ မဏ္ဍိုင်တစ်ခု ဖြစ်သော စိတ်ကောင်းစေတနာကောင်းရှိသည့် သူကြွယ်တချို့ထံမှ မြေယာများကို အဓမ္မသိမ်းယူပြီးလျှင် သူ့ကို မြှောက်ထိုးပင့်ကော် လုပ်နေကြသော ကောက်ကျစ်စဉ်းလဲသူများအား ဝေငှပေးကမ်းပစ်သည်။ ထို့မျှသာမက ကျောင်းကန်ဘုရားများအပိုင် ဘဏ္ဍာတော်များကိုလည်း လုယူသိမ်းပိုက်သည်။ ရဟန်းသံဃာတော်များသည် သူ့ပိုင်နက်နယ်မြေ၌ မနေနိုင်ကြသည် ဖြစ်၍ ပထမဝိဇယဗာဟုဘုရင်၏ နှမတော် မိတ္တာ၏ သားတော်သုံးပါး ထီးနန်းစိုးစံရာ ရုဟုန (ရောဟဏ) သို့ တိမ်းရှောင် ထွက်ခွာသွားကြသည်။

သားတော်သုံးပါးအနက် ဝိဇယဗာဟုဘုရင်၏ အချစ်ဆုံး သမီးတော် ရတနဝလီ၏ ကြင်ယာတော် မနဘာရဏသည် ရုဟုနဒေသ၏ ဘုရင်ဖြစ်သည်။ သူ့ညီတော်နှစ်ပါးက သူ၏ အုပ်ချုပ်မှုအောက်တွင် သူ့ကို အကူအညီပေးနေကြသည်။ သို့သော်လည်း ရုဟုန၌လည်း အေးချမ်းငြိမ်သက်ခြင်း မရှိပေ။ နယ်မြေဒေသများ၌ အုပ်ချုပ်ရေးတာဝန် လွှဲအပ်ထားသော အရာရှိများသည် တစ်ဦးနှင့် တစ်ဦး မတည့်ကြပေ။ သူတို့အချင်းချင်း စည်းလုံးညီညွတ်မှု မရှိကြသောအခါ တိုင်းပြည်၏ စည်းလုံးညီညွတ်ရေး ပျက်ပြားသွားသည်။

မနဘာရဏမင်းသားတွင် သမီးတော်နှစ်ပါးသာ ထွန်းကားပြီး သားတော် မထွန်းကားပေ။ မိဖုရား ရတနဝလီသည် ခမည်းတော် ပထမဝိဇယဗာဟုမင်းကြီး၏ တိုင်းပြည်၌ သူရဲကောင်းတစ်ပါး ထွန်းကားလာလိမ့်မည်ဟူသော အနာဂတ်ဟောကိန်း မည်သို့မျှ အကောင်အထည်ပေါ်မလာ

သေးသည်ဖြစ်၍ ရတက်မအေး ဖြစ်နေသည်။ မနဘာရဏမင်းသားကလည်း မိမိသည် မင်းစည်းစိမ်ကို ခံမင်တွယ်တာလွန်းအားကြီးသောကြောင့်သာ အပြစ်ဒဏ်ထားခြင်းခံရသည့်အနေဖြင့် သားရတနာ ထွန်းကားမလာခြင်း ဖြစ်သည်ဟူ၍ တွေးတောပြီးလျှင် ထီးနန်းကခွာပြီး လအတန်ကြာမျှ ဆိတ်ငြိမ်သောအရပ်၌ ကုသိုလ်ကောင်းမှု ပွားများအားထုတ်နေသည်။

တစ်နေ့သ၌ မနဘာရဏမင်းသားသည် ညဥ့်အချိန် ဘုရားတန်ဆောင်းတစ်ခုတွင် အိပ်ပျော်နေစဉ် ထူးခြားဆန်းကြယ်သော အိပ်မက် မြင်မက်သည်။ အိပ်မက်ထဲ၌ အလွန်တရာလှပသော နတ်သမီးတစ်ပါး သူ့ရှေ့တွင် ပေါ်လာသည်။ နတ်သမီးသည် ဝင်းလက်တောက်ပြောင်သော နတ်ဝတ် တန်ဆာများနှင့် ရနံ့ကြိုင်သင်းသော ပန်းများကို ဆင်ထားသည်။ နတ်သမီးက မင်းသားကို ပြောပြသည်။ "ကုသိုလ်ကံထူးလှသော အရှင့်သားတော်၊ သားတော် အားရရွှင်လန်းခြင်း ဖြစ်ပါလော့။ သားတော်တွင် မြင့်မြတ်သော လက္ခဏာ အမှတ်အသားများနှင့် ပြည့်စုံသော သားရတနာ တစ်ပါး ထွန်းကားလာလိမ့်မည်။ ထိုသားတော်သည် သူ၏ အလိုဆန္ဒဟူသမျှကို ပြည့်ဝအောင် ဆောင်ရွက်ရလိမ့်မည်။ ဘုန်းတန်ခိုးနှင့် ပြည့်စုံမည်။ ဖြောင့်မတ်မှန်ကန်သော စိတ်သဘောထား ရှိမည်။ တိုင်းသူပြည်သားလူအများနှင့် သာသနာတော် ကြီးပွားတိုးတက်ရာ တိုးတက်ကြောင်းကိုလည်း အားကြိုးမာန်တက် ဆောင်ရွက်လိမ့်မည်" ယင်းသို့ ပြောပြီးသောအခါ နတ်သမီးသည် ဘုရင့်သားတော်ရှေ့မှောက်မှ ပျောက်ကွယ်သွားသည်။

ဘုရင့်သားတော် သို့မဟုတ် ဘုရင် မနဘာရဏသည် အားရဝမ်းသာ မိဖုရားကြီးထံ အလျင်အမြန်လာပြီး မိဖုရားကြီးနှင့် မှူးမတ်များအား အိပ်မက်အကြောင်း ပြောပြသည်။ အားလုံး ဝမ်းသာအားရ ဖြစ်သွားကြပြီးလျှင် ဝမ်းသာအားရဖြစ်သွားကြသည့် အထိမ်းအမှတ်ဖြင့် မရှိဆင်းရဲသားများအား အလှူဒါန ပေးကမ်း စွန့်ကြဲကြသည်။ နောက်ထပ် အချိန်မကြာခင်ပင် တစ်နေ့သောအခါ၌ မနဘာရဏဘုရင်တွင် နောက်ထပ် အိပ်မက် မက်ပြန်သည်။ အိပ်မက်ထဲတွင် ဘုရင်မင်းကြီးသည် ဆွတ်ဆွတ်ဖြူနေသော ဆင်တစ်ကောင်ကို တွေ့ရသည်။ ဆင်မှာ ဆင်ယဉ်ဖြစ်နေသည်။

မင်းကြီးသည် ထိုဆင်ဖြူကို မြူပြီးလျှင် စက်တော်ခေါ်နေသော မိဖုရားကြီး၏ ခန်းဆောင်ထဲသို့ ခေါ်လာခဲ့သည်။ ဆင်ဖြူကလည်း အေးအေးဆေးဆေးပင် လိုက်လာသည်။ ထိုအခိုက် ဘုရင်မင်းကြီး လန့်နိုးသွားသည်။ ဘုရင်မင်းကြီးသည် အတိတ်ကောင်း နိမိတ်ကောင်းဆောင်သည့် အိပ်မက်ဖြစ်မည်ဟူ၍ ယူဆပြီးလျှင် မိဖုရားကြီးထံ အလျင်အမြန်လာပြီး အကျိုးအကြောင်းပြောပြသောအခါ မိဖုရားကြီးက ပြန်ပြောသည်။

"မောင်တော်ဘုရား၊ နှမတော်လည်း အလားတူ အိပ်မက်မျိုး မက်ပါသည်။ ဆင်ဖြူတစ်ကောင် နှမတော်ထံ ချစ်ကြည်ရင်းနှီးစွာ ချဉ်းကပ်လာသည်ဟု အိပ်မက်မြင်မက်ပါသည်။ မောင်တော်နှင့် နှမတော် နှစ်ယောက်လုံး မြင်မက်သည့် တစ်ခုတည်းသော အိပ်မက်သည် နှမတော်တို့၏ အလိုဆန္ဒပြည့်ဝပြီး နှမတော်တို့မှာ သားရတနာ ထွန်းကားလာတော့မည် ဆိုသည့် အတိတ်ကောင်း နိမိတ်ကောင်းပင် ဖြစ်ပါလိမ့်မည်"

အရှင်နှစ်ပါးသည် သူတို့၏အိပ်မက်အကြောင်းကို သုခမိန် ပညာရှင်များအား ပြောပြကြသည်။ သုခမိန်ပညာရှင်များက အိပ်မက် ဖတ်ကြသည်။ အိပ်မက်အရ မနဘာရဏဘုရင်မင်းကြီးတွင် မကြာမီ သားရတနာထွန်းကားမွေးဖွားလာလိမ့်မည်။ ထိုသားရတနာသည် ဆင်မည်းများ၏ အလယ်တွင် ရှိသော ဆင်ဖြူတော်ကဲ့သို့ ပြည်သူပြည်သားများအလယ်၌ အလွန်တရာထွန်းလင်းတောက်ပသော ဘုရင်ဧကရာဇ်တစ်ပါး ဖြစ်လာလိမ့်မည်။

ဘုရင်နှင့် မိဖုရားတို့သည် အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြသည်။ ဘုရင် မနဘာရဏသည် အတိုင်းမသိ ပီတိသောမနဿဖြစ်သောကြောင့် ပွဲလမ်းသဘင် ဆင်ယင်ကျင်းပသည်။ ကန်များကို ဆည်သည်။ ကျောင်းတိုက်များကို ဆောက်လုပ်သည်။ သူတို့တွင် ထွန်ကားမွေးဖွားလာမည့် သားရတနာကို ရည်စူး၍ အလှူဒါနပြုခြင်း စသောကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်သည်။

ယင်းသို့အားဖြင့် သမိုင်း၌ ဥဒါန်းတွင်မည့် ဘုရင့်သားတော်ကလေးလူ့ဘဝ ရောက်လာသည်။ ဘုရင် မနဘာရဏသည် သူ၏ သားရတနာသည် အတိတ်ကောင်း နမိတ်ကောင်းများနှင့် ယှဉ်တွဲလျက် မွေးဖွားလာသော

ကြောင့် အတိုင်းထက်အလွန် ဝမ်းသာအားရ ဖြစ်သွားပြီးလျှင် အချိန်ကြာမြင့်စွာ အကျဉ်းခံနေရသော အကျဉ်းသားများကို အကျဉ်းက လွှတ်ပစ်သည်။ ဆင်းရဲသူ ဆင်းရဲသားများနှင့် ရဟန်းသာမဏေများအား အလှူဒါနပေးကမ်းလှူဒါန်းသည်။ သားတော်လေး၏ အမည်နာမကို ပရက္ကမဗာဟုဟူ၍ မှည့်ခေါ်သည်။ ဘုန်းလက်ရုံးပိုင်ရှင် ဟူ၍ အနက်အဓိပ္ပာယ်ရသည်။

မနာဘရဏသည် ပိုလဏ္ဏာရုဝ၌ ထီးနန်းစိုးစံနေသော ဘုရင် ဝိကြမဗာဟုထံ သားတော် ပရက္ကမဗာဟု မွေးဖွားလာသည့်အကြောင်း သတင်းပို့လိုက်သည်။ ဘုရင် ဝိကြမဗာဟုက မနာဘရဏ ဘုရင့်သားတော်ကို သူ၏ အရိုက်အရာခံအဖြစ် မွေးစားလိုကြောင်း၊ မိမိ၏ သားတော်များမှာ ထီးနန်းနှင့်တန်သည့် သားတော်များမဟုတ်ကြသဖြင့် မိမိလွန်ပါက မိမိ၏ ထီးနန်းအရိုက်အရာကို သားတော် ပရက္ကမဗာဟုအား အပ်လိုကြောင်း ဆန္ဒပြုလိုက်သည်။ သို့သော်လည်း ဘုရင် မနာဘရဏက ဝိကြမဗာဟုဘုရင်၏ ကမ်းလှမ်းချက်ကို လက်မခံပေ။ သူ့သားတော်ကို သူ့မျက်စိအောက်၌သာ အရိပ်တကြည့်ကြည့်နှင့် မွေးမြူစောင့်ရှောက်ထားလိုသည်။ သူမလွန်မချင်း သူ့သားကို သူ့မျက်စိအောက်က အပျောက်မခံပေ။ သို့သော်လည်း ဟူးရားဗေဒင် သုခမိန်ပညာရှင်များ၏ ဟောကိန်းအတိုင်းပင် ဘုရင်မနာဘရဏသည် သားတော်ကလေး လူလားမမြောက်ခင်မှာဘဲ ကံတော်ကုန်သွားရှာသည်။ ထိုအခါ မနာဘရဏ၏ ညီတော် ကိတ္တိသီရိမေဃသည် ရုဟုန၏ ဘုရင်ဖြစ်လာသည်။ ညီတော်အငယ်ဆုံး သီရိဝလ္လဘက မိဖုရားရတနဝလီနှင့်တကွ သမီးတော်လေးနှစ်ပါးနှင့် သားတော်လေး ပရက္ကမဗာဟုကို ကြည့်ရှုစောင့်ရှောက်ထားသည်။ သီရိဝလ္လဘသည် သူ၏ တူတော်လေး ပရက္ကမဗာဟုကို ဂရုတစိုက် မွေးမြူကြည့်ရှုပြီးလျှင် အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပေးသည်။

ဘုရင်ဝိကြမဗာဟု ကွယ်လွန်သွားသောအခါ ဒုတိယ ဂဇဗာဟုက ခမည်းတော်၏ ထီးနန်းကို ဆက်ခံသည်။ ပိုလဏ္ဏာရုဝသည် သူ၏ နေပြည်တော်ဖြစ်သည်။ ကိတ္တိသီရိမေဃနှင့် သီရိဝလ္လဘတို့သည် ဒုတိယ ဂဇာဗာဟု၏ ထီးနန်းကို သိမ်းပိုက်ရန် အတန်တန် ကြိုးစားကြသည်။ သို့သော်လည်း

ကြိုးစားသည့်အခါတိုင်း တပ်လန်ပြန်ကြရသည်ဖြစ်၍ နောက်ဆုံး၌ လက်လျှော့ပြီး ရုဟုန၌သာ စိတ်အေးလက်အေး ထီးနန်းစိုးစံနေကြသည်။

သားတော် ပရက္ကမဗာဟုသည် အချိန်တန် အရွယ်ရောက်လာသည်။ ဉာဏ်ပညာ ထက်မြက်သည်။ ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံသည်။ သားတော်သည် မင်းညီမင်းသားတို့ဘာဝ အပျော်အပါး မလိုက်စားပေ။ မည်သည့်အခါ ကြည့်လိုက်ကြည့်လိုက် ဥယျာဉ်အတွင်းက သစ်ပင်ကြီးတစ်ပင်အောက်ရှိ ကျောက်ခုံတစ်ခုံပေါ်၌ ထိုင်ပြီး ပေစာ လက်ကကိုင်လျက် စူးစူးစိုက်စိုက် စာဖတ်နေသည်ကိုလည်းကောင်း၊ သို့မဟုတ်ကလည်း လေးနှင့် မြား အပစ်လေ့ကျင့်နေသည်ကိုလည်းကောင်း တွေ့မြင်ရသည်။ သားတော်သည် အကြံကြီးသည်။ မျှော်မှန်းချက် မြင့်သည်။ ငါးကြီး အာနန္ဒာသည် မြစ်ထဲမှာနေရသည်ကို ကျဉ်းကျပ်သည်ဟု အောက်မေ့သည်။ သူ့အတွက် ခြေဆန့်ကိုယ်ဆန့် လုပ်၍ရသော စားကျက်မှာ မြစ်ပင်လယ်ဖြစ်သည်။ သားတော် ပရက္ကမဗာဟုအတွက် သီရိဝလ္လဘ၏ နန်းတော်သည် ခြေဆန့်ကိုယ်ဆန့် လုပ်၍မရသလို ဖြစ်နေသည်။ ထိုနေရာထိုဒေသကို သားတော်က သေးငယ်သည်၊ ကျဉ်းမြောင်းသည်ဟု အောက်မေ့သည်။ ထို့ကြောင့် သူ၏ ခမည်းတော် မနာဘရဏ အုပ်ချုပ်မင်းလုပ်ခဲ့သော သူ၏ ဇာတိနေရာသို့ ပြောင်းရွှေ့ နေထိုင်ရန် ဆုံးဖြတ်လိုက်သည်။

ထိုအချိန်၌ သူ၏ဦးရီးတော်တစ်ပါးဖြစ်သော ကိတ္တိသီရိမေဃသည် ရုဟုနအရပ်၌ အုပ်ချုပ်မင်းလုပ်နေသည်။ သားတော်သည် သူ့ဦးရီးတော်ထံ အလည်အပတ် ရောက်လာသည်။ သူ၏ ဇာတိဒေသ ရောက်လာသောအခါ သူ့ဦးရီးတော်က ဝမ်းပန်းတသာ ဆီးကြိုသည်။ သူ့ဦးရီးတော်နှင့်အတူ ထိုဒေသ၌ အတန်ကြာနေထိုင်သည်။ သူ့ဦးရီးတော်ကလည်း သူ့ကိုသားတော်အရင်းနှင့်မခြား ပြုစုစောင့်ရှောက်ထားသည်။ သို့သော်လည်း သားတော်သည် ထိုနေရာ၌လည်း မပျော်ပိုက်ပေ။ အကယ်၍ မိမိသည် မိမိ ဦးရီးတော်၏ အရိုက်အရာခံ ဖြစ်လာစေကာမူ ရုဟုနသည် မိမိအတွက် မလောက်လေးမလောက်စား ဖြစ်သည်ဟူ၍ သားတော်ကတွက်သည်။ သူ၏ ရည်မှန်းချက်မှာ ရုဟုနလို အရပ်ဒေသလောက်နှင့် တင်းတိမ်အားရခြင်း

မရှိပေ။ လက်ာဒီပ သိဃ်ိုင္ဂ တစ်နိုင်ငံလုံးကို စိုးမိုးအုပ်ချုပ်ရန်အတွက်သာ လိုလားတောင့်တနေသည်။

သားတော်သည် ရာမယဏကျမ်းစာကိုဖတ်သောအခါ ရာမမင်းသား၏ သူရဲကောင်းအပြုအမူများကို အားကျသည်။ မဟာဘာရတကို ဖတ်၍ ပဏ္ဍဝနှင့် ကောရဝတို့၏ စစ်ပွဲကို လေ့လာသည်။ ကောဋိလျ စာဏကျ၏ အတ္ထသျှတ္တရကိုဖတ်၍ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ နည်းနာများကို ဆည်းပူးသည်။ သူ၏ ဘိုးလောင်းတော်၊ ဘေးလောင်းတော် အဆက်အနွယ်များ ဖြစ်ကြသော ဒေဝါနံပိယတိဿမင်းကြီးနှင့် ဒုဋ္ဌဂါမဏိမင်းကြီးတို့၏ စံနမူနာများကို အတုယူသည်။ ၅၅၀ ဇာတ်တော်ထဲက ဘုရားအလောင်း ဘုရင်တို့၏ အပြုအမူများကို စံနမူနာထားသည်။ ယင်းသို့ ရှေးဘုရင်များ၏သြဇာသည် သူ့အပေါ်၌ လွှမ်းမိုးမှုရှိလာသောအခါ သားတော်သည် သူ၏ညီအစ်ကို ဝမ်းကွဲ ဒုတိယ ဂဇဗာဟုဘုရင် အုပ်ချုပ်နေသော နိုင်ငံအတွင်း၌ ဖြစ်ပျက်နေသည့် အခြေအနေအရပ်ရပ်ကို လေ့လာစုံစမ်းသည်။ အနာဂတ်ကာလ၌ ပြုလုပ်ဆောင်ရွက်မည်ဟူ၍ ပိုင်းဖြတ်ထားသော တိုင်းရေးပြည်ရေး နိုင်ငံရေးမှာမူ သူ့အတွက် ခေါင်းဝင်ကိုယ်ဆံ့ဖြစ်သော နိုင်ငံကြီး၌သာ လုပ်၍ရမည်ဟူ၍ သဘောပေါက်လာသည်။

ထို့ကြောင့် သားတော်သည် သူ၏ဦးရီးတော် ကိတ္တိသီမေဃ၏ နန်းတော်မှ တိတ်တဆိတ် ထွက်လာခဲ့ပြီးလျှင် လက်လှမ်းမီရာ လက်ရွေးစင် စစ်သည် တပ်သားများကို စုဆောင်းသည်။ ကိတ္တိသီရိမေဃဘုရင်သည် စစ်ဖြစ်ရမှာစိုးသည့်အတွက် သူ့တူပြန်လာရန် နည်းအမျိုးမျိုးဖြင့် ဖြားယောင်းသော်လည်း အောင်မြင်မှု မရရှိပေ။ သူ့ဦးရီးတော် လွှတ်လိုက်သောတပ်ကို သားတော် ပရက္ကမဗာဟုက အနိုင်တိုက်သည်။ ယင်းတိုက်ပွဲ၌ သူ၏ အစွမ်းသတ္တိ သိသွားကြသည်ဖြစ်၍ အားလုံးလိုလို ထိတ်လန့်တုန်လှုပ် သွားကြသည်။ ကိတ္တိသီရိမေဃဘုရင်၏တပ်သည် ရုဟုနသို့ ပြန်လည်ဆုတ် ခွာလာရသည်။

ထို့နောက် ပရက္ကမဗာဟုသည် ဂဇဗာဟုမင်း၏ နိုင်ငံ နယ်နိမိတ်ကို ဖြတ်သွားသည်။ ဂဇဗာဟုက ထိုသတင်းကြားသိရသောအခါ ချစ်ခင်ရင်းနှီး

သည့် စိတ်ဓာတ် ပြရန်အတွက် လက်ဆောင်ပဏ္ဏာများစွာဖြင့် တမန်တော်များကို စေလွှတ်သည်။ ပရက္ကမဗာဟုသည် ဂဇာဗာဟု၏ ကမ်းလှမ်းချက်ကို လက်ခံပြီးလျှင် ညီအစ်ကိုဝမ်းကွဲ နှစ်ယောက်သည် ဆင်တော်နှစ်စီးစီးလျက် ချစ်ကြည်ရင်းနှီးစွာ ပိုလဏ္ဏရုဝနေပြည်တော်အတွင်း ဝင်ရောက်သွားကြသည်။ မင်းညီမင်းသား နှစ်ပါးသည် အချိန်အတန်ကြာ ချစ်ချစ်ခင်ခင် နေထိုင်ကြသည်။ သို့သော်လည်း ပရက္ကမဗာဟုသည် မကြာမီအတွင်းမှာပင် ဂဇဗာဟု၏ အားနည်းချက်ကို သိလာသည်။ သူ၏ ကြီးမားသောအကြံကလည်း သူ့ကို အေးအေးဆေးဆေး နေခွင့်မပြုပေ။ သားတော်သည် အပျော်အပါးလိုက်စားဟန် ဆောင်ပြီးလျှင် ပြည်သူနှင့်ရောလျက် ပြည်သူ့အကြောင်းကို သိအောင်လုပ်သည်။ ထိုအခါ ပြည်သူနှင့် တရင်းတနှီးဖြစ်လာသည်။ သီချင်းသည်၊ ကချေသည်၏ အသွင်ဖြင့်လည်းကောင်း၊ ကုန်သည်၏ အသွင်ဖြင့်လည်းကောင်း၊ ဆေးဆရာ၊ ရသေ့ရဟန်း အသွင်ဖြင့်လည်းကောင်း အသွင်အမျိုးမျိုးဆောင်ထားသော သူလျှို အထောက်တော်များကို ပြည်သူတွေထဲက မည်သူသည် ဂဇာဗာဟု၏ သစ္စာတော်ခံများ ဖြစ်ကြသည်။ မည်သူ့ကို မိမိအနေနှင့် စည်းရုံး၍ရမည်နည်း စသည်တို့ကို သိရှိရန် စုံစမ်းထောက်လှမ်းခိုင်းသည်။ ယင်းသို့အားဖြင့် ပရက္ကမဗာဟုသည် ဂဇဗာဟု၏ နိုင်ငံတစ်ဝန်း၌ ဖြစ်ပျက်နေသော အခြေအနေ အရပ်ရပ်အားလုံးကို သိရှိသွားသည်။ ဂဇာဗာဟုဘုရင်နှင့်လည်း သူ၏ အချောအလှနှမတော် ဘဒ္ဒဝတီကို လက်ဆောင်ပေးလိုက်သည်။

ပရက္ကမဗာဟုသည် ပြည်သူ၏ ချစ်ကြည်လေးစားမှုကို တစ်စထက်တစ်စ ရလာသည်။ တစ်ချိန်၌ လူပေါင်းများစွာကို တစ်ယောက်ပြီး တစ်ယောက် ဦးချိုဖြင့် ဖောက်သတ်သော ကျွဲရိုင်းတစ်ကောင်သည် ပရက္ကမဗာဟုဟိန်းဟောက် ခြိမ်းခြောက်လိုက်ရုံမျှဖြင့် ထွက်ပြေးတိမ်းရှောင်သွားသည်။ ထို့အကြောင်းကြောင့်လည်း ပရက္ကမဗာဟုကို ပြည်သူတွေက အားကိုးလာကြသည်။ သို့သော်လည်း ချိန်ခွင်လျှာ တစ်ဖက် ယိမ်းသွားသောအခါ ဂဇဗာဟု မကျေမနပ် ဖြစ်လာသည်။ ဣဿာမစ္ဆရိယဖြစ်လာသည်။ ဤတွင် ပရက္ကမဗာဟုသည် ပိုလဏ္ဏရုဝမှ ထွက်ခွာလာခဲ့သည်။ ဂဇဗာဟုကိုမူ ဦးရီး

တော် ကိတ္တိသီရိမေဃဘုရင်ထံ အလည်အပတ်သွားမည်ဟု ကောင်းအောင် ကြည့်ပြောခဲ့သည်။ သို့သော်လည်း အတွင်းက အကြံမှာ ပိုလဏ္ဏရုဝသို့ တစ်ပတ် ပြန်ကျော့လာပြီး ဂဇဗာဟုကို စိန်ခေါ်ရန်ဖြစ်သည်။ ရုဟုနသို့ ပရက္ကမဗာဟု ပြန်ရောက်လာသည်။ သူ့မယ်တော်နှင့် ဦးရီးတော်က ဝမ်းသာအားရ ဆီးကြိုကြသည်။ ဦးရီးတော် ကိတ္တိသီရိမေဃဘုရင်သည် သူ့တူတော်အား တစ်ခါက သူ့ကို ပြန်လှန်အန်တုသည်ကို သင်ပုန်းချေလိုက်ပြီးလျှင် ခမည်းတော်တစ်ယောက်က သားတော်တစ်ယောက်ကို ဆက်ဆံသလိုပင် ဆက်ဆံသည်။ သူ၏ဦးရီးတော် ကံကုန်မည်မှာ ကြာတော့မည်မဟုတ်သည်ကို သိ၍ ပရက္ကမဗာဟုသည် ရုဟုန၌ အချိန်အတန်ကြာမျှ နေရသည်။ သူ့ဦးရီးတော်က သူ့ကို အရိုက်အရာခံအဖြစ် သတ်မှတ် ရွေးချယ်ထားပြီးဖြစ်သည်။ ထင်သည့်အတိုင်းပင် ကိတ္တိသီရိမေဃဘုရင် ကွယ်လွန်သွားသည်။ ထိုအခါ ပရက္ကမဗာဟုသည် ရုဟုနဘုရင် ဖြစ်လာသည်။ သူအုပ်ချုပ်နေသော ရုဟုနကို အခြေအနေ တိုးတက်ကောင်းမွန်လာအောင် ပရက္ကမဗာဟု ကြိုးစားအားထုတ်သည်။ ပျက်စီးနေသော ရေကန်များကို ပြန်ပြုပြင်သည်။ လယ်ယာစိုက်ပျိုးရေးကို အားပေးသည်။ ထို့ကြောင့် ရုဟုနနယ်မြေတစ်ဝိုက်သည် ဆန်ရေစပါး ပေါများကြွယ်ဝလာသည်။ တစ်ပြည်လုံး စပါးကျီကြ အပြည့်အဝရှိနေသဖြင့် သရောကြီးခိုင်းမှာ မပူရတော့ပေ။ မြေယာတစ်ကွက်တစ်လေမျှပင် မထွန်ယက်ဘဲ မထားပေ။ ဆန်စပါး စိုက်ပျိုး၍မရသော နေရာများ၌ ဥယျာဉ်များ၊ ခြံများ ပြုလုပ်ပြီးလျှင် သီးနှံပင်နှင့် ပန်းပင်များ စိုက်ပျိုးသည်။ ရုဟုနတစ်ပြည်လုံး သာယာလှပသော ဥယျာဉ်ကြီးသဖွယ် ဖြစ်လာသည်။ စည်ပင်ဝပြောလာသဖြင့် ရုဟုန ပြည်သူအားလုံး တပြုံးပြုံး ဖြစ်နေကြသည်။

တိုင်းပြည်အခြေအနေ တိုးတက်လာသောအခါ ပရက္ကမဗာဟုသည် စစ်တပ်၏ အရည်အသွေးကို မြှင့်တင်သည်။ စစ်သည် တပ်သားများကို စုဆောင်းပြီး စစ်ပညာသင်ကြားပေးသည်။ အုပ်ချုပ်ရေးပိုင်း၌ အင်အားဖြည့်ရန်အတွက်လည်း အလားအလာရှိသူများကို ပညာသင်ကြားပေးသည်။ ပရက္ကမဗာဟုတွင် လိုနေသော အရာတစ်ခု ရှိသည်။ ထိုအရာမှာ ဘဏ္ဍာဖြစ်

သည်။ ဘဏ္ဍာ အလုံအလောက်ရရှိရန်အတွက် ကျောက်မျက်ရတနာများကို ပြည်ပသို့ ရောင်းချသည်။ ဆည်မြောင်းတာတမံများကို အသစ်ဖောက်လုပ်သည်ဖြစ်၍ ဆန်စပါးအထွက်နှုန်း တိုးတက်လာသည်။ ယင်းနည်းလမ်းများဖြင့် တိုင်းပြည်၏ဝင်ငွေ တိုးတက်လာသည်။ ဘုရင် ပရက္ကမဗာဟုသည် လက်ဒီပ၌ သူ၏တစ်ဦးတည်းသော ဘုရင်ဧကရာဇ်ဖြစ်ရေးအတွက် အနှောင့်အယှက် အဟန့်အတားဖြစ်မည့် ဂဇဗာဟုကိုဖြစ်စေ၊ အခြား တစ်ဦးဦးကိုဖြစ်စေ နှိမ်နင်းတိုက်ခိုက်ရန် အဆင်သင့် ဖြစ်လာသည်။

ပရက္ကမဗာဟုနှင့် ဂဇဗာဟုတို့ တိုက်ပွဲ စလေပြီ။ တိုက်ပွဲများစွာ ဆင်နွှဲကြသည်။ များသောအားဖြင့် ပရက္ကမဗာဟု၏ တပ်ကသာ အပေါ်စီးရနေသည်။ ပိုလဏ္ဏာရုဝ ကျသွားပြီ။ ဂဇဗာဟု၏ ထီးနန်းသည် ပရက္ကမဗာဟု၏ တပ်သားများလက်ထဲ ရောက်လာသည်။ ဂဇဗာဟုသည် သူ့နန်းတော်အတွင်း၌ပင် သုံ့ပန်းအကျဉ်းသား ဖြစ်သွားသည်။ ပရက္ကမဗာဟု၏ တပ်မှူးများက ဂဇဗာဟုကို ညှဉ်းပန်းနှိပ်စက်ကြသည်။ အသက်ကိုရန်ရှာသည်အထိ ဖြစ်လာသည်။ ယင်းသို့ပြုလုပ်ရန် ပရက္ကမဗာဟု၏ အမိန့်မရှိပေ။ ထိုအချိန်က ထိုနေရာ၌ ပရက္ကမဗာဟု ရှိမနေပေ။ ဂဇဗာဟု၏ မှူးမတ်များသည် သူတို့ဘုရင် အကျဉ်းထဲအကျပ်ထဲ ရောက်နေသဖြင့် ပရက္ကမဗာဟုနှင့် ဂဇဗာဟုတို့နှစ်ယောက်၏ ညီအစ်ကိုဝမ်းကွဲတော်သူ မနာဘရဏထံ အကူအညီတောင်းကြသည်။ မနာဘရဏသည် ပိုလဏ္ဏာရုဝသို့ ရောက်လာပြီးလျှင် ဂဇဗာဟုကို ကယ်တင်သည့်အနေဖြင့် ပိုလဏ္ဏာရုဝကို သိမ်းပိုက်လိုက်သည်။ သို့သော်လည်း အချိန်အတန်ကြာသွားသောအခါ သူ၏ ဇာတိရုပ် ပေါ်လာသည်။ သူ၏ ဇာတိရုပ်မှာ ဂဇဗာဟုဘုရင်ကို အဆိပ်ကျွေးသတ်ပြီး ပိုလဏ္ဏာရုဝထီးနန်းကို သိမ်းပိုက်ရန် ဖြစ်သည်။ ဂဇဗာဟုခမျာ ရန်သူပတ်လည်ဝိုင်းနေပြီ။ ကျားကြောက်လို့ရှင်ကြီးကိုး ရှင်ကြီးကျားထက် ဆိုးနေပြီ။ နောက်ဆုံး အနေဖြင့် ပရက္ကမဗာဟုထံ တမန်စေလွှတ်ပြီး အနူးအညွတ်တောင်းပန်သည်။ ပရက္ကမဗာဟုသည် ပိုလဏ္ဏာရုဝသို့ ချက်ချင်းလိုက်လာပြီး ဂဇဗာဟုကို အကျဉ်းကလွှတ်လျက် တိုင်းပြည်နေသားတကျ ပြန်ဖြစ်အောင် ကြိုးစားသည်။

ဘုရင့်သားတော် မနဘာရဏသည် သူ့မယ်တော် သုဂလနှင့်အတူ လျှို့ဝှက်စွာ ပိုလဏ္ဏရုဝမှ တိမ်းရှောင်ထွက်ပြေးသွားသည်။ အဖိုးတန် ဘဏ္ဍာတော်များကိုလည်းကောင်း၊ လင်္ကာဒီပ သိဃ်ိုဠ်တစ်ကျွန်းလုံး အမြတ်တနိုးကိုးကွယ်သော ဘုရားရှင်၏ စွယ်တော်နှင့် သပိတ်တော်ကိုလည်းကောင်း ပိုလဏ္ဏရုဝမှ ယူသွားသည်။ အကယ်၍ ဂဇဗာဟုကသာ ပရက္ကမဗာဟု၏ စေတနာအပေါ် ယုံကြည်စိတ်ချမည်ဆိုလျှင် အခြေအနေမှာ ပုံမှန်အတိုင်း ဖြစ်နေဖို့ ရှိသည်။ သို့သော်လည်း ဂဇဗာဟုသည် ပရက္ကမဗာဟုကို စိတ်မချ၍ တိတ်တဆိတ် ထွက်ပြေးသည်။ သို့သော်လည်း ပြန်ဖမ်းမိသည်။ အကယ်၍ ရဟန်းသံဃာတော်များကသာ ကြားမဝင်လျှင် ဂဇဗာဟု၏ ကံကြမ္မာသည် အလွန်တရာ ဆိုးရွားသွားစေနိုင်စရာ ရှိသည်။ ဂဇဗာဟုက ရဟန်းသံဃာတော်များအား ကြားဝင် စေ့စပ်ရန် တောင်းပန်လျှောက်ထားသဖြင့် ရဟန်းသံဃာတော်များက ဂဇဗာဟုမှာ အိုလည်းအို၊ နာမကျန်းလည်း ဖြစ်နေ၍ လူ့ပြည်၌ ကြာကြာနေရတော့မည်မဟုတ်သောကြောင့် သူ့တိုင်းပြည် သူ့ပြန်ပေးစေလိုကြောင်း နားချကြသည်။ အကယ်၍ ဂဇဗာဟု ကွယ်လွန်သည်အထိ သည်းညည်းခံစောင့်မည်ဆိုပါက ပရက္ကမဗာဟု၏ ဂုဏ် အကျော်အစောသည် ပိုမိုထွန်းတောက်လာမည်ဖြစ်ကြောင်းကိုလည်း ရဟန်းသံဃာတော်များက ရှင်းပြကြသည်။

ဘုရင်ပရက္ကမဗာဟုသည် ရဟန်းသံဃာတော်များ၏ အကြံဉာဏ်ကို လက်ခံလျက် ဂဇဗာဟုကို သူ့နိုင်ငံ ပြန်ပေးလိုက်ပြီးလျှင် မိမိတိုင်းပြည် ရုဟုနသို့ ပြန်သွားသည်။ ထိုအကြောင်းကို ဘုရင့်သားတော် မနဘာရဏ ကြားရသောအခါ ဂဇဗာဟုနှင့် မဟာမိတ်ဖွဲ့လျက် ပရက္ကမဗာဟုကို ဆန့်ကျင်ရန် ကြိုးစားသည်။ သို့သော်လည်း ပရက္ကမဗာဟုအပေါ် သစ္စာရှိသွားပြီဖြစ်သည့် ဂဇာဗာဟုသည် ဘုရားကျောင်းတစ်ကျောင်းသို့ သွားလျက် မိမိကွယ်လွန်သောအခါ မိမိ၏ တိုင်းနိုင်ငံကို ပရက္ကမဗာဟုအား ကျေကျေနပ်နပ် အပ်နှင်းပါသည်ဟူ၍ ကျောက်စာ ရေးထိုးထားလိုက်သည်။ ဂဇဗာဟု ဘုရင် မကြာမီ ကံကုန်သွားသည်။ ပရက္ကမဗာဟုသည် ခရစ်နှစ် ၁၁၆၄ ၌ လင်္ကာဒီပ ဘုရင်မင်းကြီး ဖြစ်လာပြီး ပိုလဏ္ဏရုဝနှင့် ရုဟုနဒေသနှစ်ခု

လုံးကို စိုးမိုးသောဘုရင် ဖြစ်လာသည်။ မင်္ဂလာရှိသော ရက်တစ်ရက်၌ ရာဇအဘိသေက မင်္ဂလာပွဲကိုလည်း ဆင်ယင်ကျင်းပသည်။ သို့သော်လည်း မနဘာရဏမင်းသားသည် ပရက္ကမဗာဟုအား အေးချမ်းစွာ စိုးမိုးခွင့်မပြုပေ။ ရှိသမျှအင်အားနှင့် ဆန့်ကျင်တိုက်ခိုက်နေသည်။ ပြင်းထန်သော တိုက်ပွဲများစွာ တိုက်ခိုက်ပြီးနောက် မနဘာရဏမင်းသားသည် အရှုံးပေးလိုက်ရပြီးလျှင် မိုးကြီး သည်းထန်စွာ ရွာသွန်းနေသည့် ညတစ်ည၌ ကိုယ်လွတ်ရုန်းပြီး တိမ်းရှောင် ထွက်ပြေးသွားရသည်။

ထို့နောက် မကြာမီပင် ပရက္ကမဗာဟုကို ယှဉ်ပြိုင်တိုက်ခိုက်မိသဖြင့် နောင်တကြီးစွာရရင်း ကွယ်လွန်သွားသည်။ မကွယ်လွန်မီ သူ၏ သားတော်အား ပရက္ကမဗဟုနှင့် ချစ်ကြည်စွာနေရန် မှာကြားသွားသည်။ သူ၏ သားတော်ကလည်း သူ့ခမည်းတော် မှာကြားသွားသည့်အတိုင်း လိုက်နာသည်။ သို့သော်လည်း မနဘာရဏ၏ မယ်တော် သုဂလမှာမူ ပရက္ကမဗာဟုကို အခဲမကျေဘဲ အနှောင့်အယှက်ပေးနိုင်သမျှ ပေးနေသည်။

ပရက္ကမဗာဟုသည် ဒုတိယအကြိမ် ရာဇာဘိသိက်ခံယူသည်။ ဒုတိယအကြိမ် ရာဇအဘိသေက မင်္ဂလာပွဲခံပြီးနောက် နှစ်နှစ်အကြာတွင် တတိယ ရာဇအဘိသေက မင်္ဂလာပွဲပြုလုပ်သည်။ မင်းမြောက်တန်ဆာငါးပါး ဆင်ယင်ထားသော ဘုရင်သည် ရွှေသလွန်ပေါ်၌ ထိုင်နေသည်။ ရွှေသလွန်ကို ရွှေချည်ထိုး ငွေချည်ထိုးအဝတ်များ လွှမ်းထားသော ဆင်နှစ်ကောင်ပေါ်တင်ထားသည်။ ဘုရင်၏ မကိုဋ်သရဖူမှ ရတနာများ တဖိတ်ဖိတ် တောက်နေသည်။ လှပတင့်တယ်သော မင်းလုလင်သည် စိတ်အားတက်ကြွနေကြသော ပြည်သူ့ကြားထဲတွင် လှည့်လည် ဗိုလ်ရှုခံသည်။ စစ်သည် တပ်သားများ ခြံရံထားသော ဘုရင်သည် ပြည်သူအများ ကောင်းချီးသြဘာ ဟစ်ကြွေးနေသည့်ကြားက ပိုလဏ္ဏရုဝမြို့တော် လမ်းမများ၌ လှည့်လည်သည်။ လင်္ကာဒီပ သိဃ်ိုဋ်ကျွန်းသည် ဘုန်းလက်ရုံးနှင့် ပြည့်စုံသော ဘုရင်တစ်ပါးကို ရပြန်ပြီ။ ထိုဘုရင်၌ ဒေဝါနံပိယတိဿဘုရင်၏ သဒ္ဓါတရားနှင့် ဒုဋ္ဌဂါမဏီမင်းကြီး၏ ရဲစွမ်းသတ္တိ စုဝေးပေါင်းစုံနေသည်။